# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 29, 2019 Volume 15, Number 19


၂၉.၁.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၀၃ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၅၇၅၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၀/ကျပ် |
| CBM Rate | = ၁၅၂၆/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၄၃.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၇.၂ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၀၀၆.၆ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၉၇.၄ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၉၂.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၆.၁၄ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၄၆၀ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၆.၂၉ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၀.၉၇ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၃၉၂ကျပ် |

## Value-add ထုတ်ကုန်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံကြရန်တိုက်တွန်း

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများကို ကုန်ကြမ်းအဖြစ်သာ ပြည်ပကို တင်ပို့နေရသည့်အနေအထားရှိပြီး တန်ဖိုးမြင့် (Value-add) ထုတ်ကုန်များကို ဆောင်ရွက်နိုင်ခြင်းမရှိသေးရာ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် Value-add ထုတ်ကုန်လုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံကြရန် သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က Invest Myanmar Summit 2019 တွင် ဖိတ်ခေါ်ခဲ့ကြသည်။

Value add ထုတ်ကုန်တွေ လိုအပ်ကြောင်း၊ ထွက်တဲ့သီးနှံအားလုံးဟာ ကုန်ကြမ်းအနေနဲ့ပဲ တရုတ်ကိုထွက်နေတဲ့အတွက် နစ်နာတာတွေရှိကြောင်း၊ ဒါကို တန်ဖိုးမြင့် ထုတ်ကုန်လုပ်မယ်ဆိုရင် အိမ်နီးနားချင်းနိုင်ငံတွေနဲ့ ယှဉ်နိုင်မှာဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်ကပြောသည်။

ထို့အတူ ချင်းပြည်နယ်ဝန်ကြီးချုပ်ကလည်း ချင်းပြည်နယ်တွင် ဝါးအလွန်ပေါသည့်အတွက် ချင်းပြည်နယ်မှ ဝါးထွက်ကုန်ကြမ်းများကို Value add အဖြစ် ပြောင်းလဲကာ အိန္ဒိယဈေးကွက်ကို တင်ပို့နိုင်ပါက ဈေးကွက်ကောင်းတစ်ခုဖြစ်လာနိုင်ရာ ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်ထားကြောင်းဆိုသည်။

ကရင်ပြည်နယ်တွင်လည်း ခေတ်မီသော လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် လာရောက် ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်ထားပြီး သီးနှံထုတ်ကုန်များကို Value add အဖြစ်ဆောင်ရွက်ရန် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဖိတ်ခေါ်ထားသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင်လည်း စိုက်ပျိုးရေးသီးနှံများကို ထုတ်လုပ်ရောင်းချနေရသော်လည်း Value add ထုတ်ကုန်များ ထုတ်လုပ်ရန်လိုအပ်လျက်ရှိနေပြီး ရင်းနှီးမြှုပ်နှံလိုသူများကိုဖိတ်ခေါ်ကြောင်းလည်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်တို့ကပြောသည်။

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံကာ ကောက်ပဲသီးနှံများ ထွက်ရှိသော်လည်း အများစုမှာ ကုန်ကြမ်းပုံစံအတိုင်း ပြည်ပကိုတင်ပို့နေရပြီး တဖက်နိုင်ငံမှ ဈေးနှုန်းအတက်အကျကို တည်မှီနေရကာ ယင်းအစား ပြည်တွင်းတွင် တန်ဖိုးမြင့် ထုတ်ကုန်များထုတ်လုပ်ပြီး ကမ္ဘာ့ဈေးကွက်ကို တင်ပို့ရောင်းချပါက အကျိုးအမြတ်ပိုရနိုင်ကြောင်းသိရသည်။

Source: http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2019973


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com

## ဆောင်းသီးနှံ စပ်မျိုးနေကြာစိုက်တောင်သူများ အထွက်နှုန်းကောင်းပြီး စျေးကောင်းရနေကြ



မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ်အတွင်း ကျေးရွာများတွင် ဆောင်းကာလ ကြားသီးနှံအဖြစ် စပ်မျိုး(၁) နေကြာစိုက်တောင်သူများအနေဖြင့် နေကြာသီးနှံထွက်ရှိချိန်တွင် အထွက်နှုန်းကောင်းပြီး စျေးကောင်းရ၍ အဆင်ပြေနေကြောင်းသိရသည်။ နှမ်းတွေရိတ်သိမ်းပြီးတဲ့ယာမြေမှာ ကြားသီးနှံစပ်မျိုး (၁) နေကြာမျိုးစိုက်ခဲ့တယ်။ အခုနှစ် မိုးနှောင်းကောင်းခဲ့တာကြောင့် ဆောင်းမှာစိုက်တဲ့နေကြာတွေ အထွက်နှုန်းကောင်းခဲ့ကြောင်း၊ စပ်မျိုး(၁) နေကြာမျိုးက အခုလိုရာသီမှာ အပင်ကြီးထွားမှုနှုန်းကောင်းမွန်ပြီး စိုက်ပျိုးရက်သုံးလ (ရက်ပေါင်း ၉၀) အတွင်း ရိတ်သိမ်းနိုင်တယ်။ အခုနှစ် နေကြာအထွက်နှုန်းဟာ တစ်ဧကကို ၃၅ တင်းကနေ တင်း ၄၀ အထိထွက်ရှိခဲ့ကြောင်း၊ မင်းဘူး (စကု) မြို့နယ် မောင်းမကန်ကျေးရွာနေ တောင်သူ ကိုသာအိက ပြောဆိုသည်။ စပ်မျိုး(၁) နေကြာမျိုးက အထွက်နှုန်းကောင်းတဲ့အတွက် သုံးဧကစိုက်ခဲ့တာ နေကြာ တင်း ၁၀၀ ကျော်လောက်အထိရရှိခဲ့ကြောင်း၊ နေကြာတစ်တင်းကို ဆီကြိတ်မယ်ဆို ဆီငါးပိဿာလောက်ထွက်ရှိကြောင်း၊ နေကြာဆီတစ်ပိဿာကို ကျပ် ၄၅၀၀ စျေးရှိတဲ့အတွက် ရွာမှာ ပဲဆီကြိတ်ပြီးရောင်းချနေရကြောင်း ၎င်းကထပ်မံရှင်းပြသည်။

မြန်မာပြည်အလယ်ပိုင်းဒေသများတွင် နေကြာကို ဆောင်းကာလကြားသီးနှံအဖြစ် စိုက်ပျိုးလုပ်ကိုင်ကြပြီး ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် တစ်ဖက်တစ်လမ်းမှ ကူညီဖြေရှင်းပေးသောသီးနှံဖြစ်ကာ နေကြာဆီမှာ ကျန်းမာရေးအတွက် အထူးကောင်းမွန်သည်။ ယခုနှစ် နေကြာအထွက်နှုန်းကောင်းသလို နေကြာတစ်တင်းကို ကျပ် ၁၃၀၀၀ ဝန်းကျင်စျေးရှိတယ်။ ပြည်တွင်းမှာရှိတဲ့ ဆီစက်တွေက ပဲဆီ၊ နှမ်းဆီအစား နေကြာဆီကိုအဓိကထားပြီး ဝယ်ကြိတ်နေကြတယ်။ အခုလိုနေကြာပေါ်ချိန်ဆို ဆီစက်တွေကအဝယ်များကြောင်း မင်းဘူးမြို့ရှိ သီးနှံပွဲရုံပိုင်ရှင်တစ်ဦးက ပြောဆိုသည်။

**Source:** https://myanmar.mmtimes.com/news/119955.html

## ပြောင်းလဲသတ်မှတ်သင့်သော ရေကြောင်းဖြင့် ကုန်စည်တင်သွင်း၊ တင်ပို့မှုဆိုင်ရာအခွန်အခ

ရေကြောင်းဖြင့် ကုန်စည်တင်သွင်း၊ တင်ပို့မှုများက နိုင်ငံတစ်နိုင်ငံ၏ အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေပါသည်။ မြန်မာနိုင်ငံ၏ ဆိပ်ကမ်းအခွန်အခများပြားနေခြင်းကြောင့် ကုန်စည်တင်သွင်းခြင်း၊ တင်ပို့ခြင်းများအခက်အခဲကြုံတွေ့နေကြသည်။ ရန်ကုန်ဆိပ်ကမ်းသင်္ဘောဆိုက်ကပ်မှု ကုန်ကျစရိတ်မြင့်မားနေသောကြောင့် ပို့ကုန်မြှင့်တင်ရန် အခက်အခဲဖြစ်ခြင်း၊ သွင်းကုန်များ စျေးကြီးမြင့်ခြင်းတို့ဖြစ်ပေါ်နေပါသည်။ ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) က ပြုစုထားသောအစီရင်ခံစာအရ မြန်မာနိုင်ငံနှင့်အိမ်နီးချင်း အာဆီယံနိုင်ငံများရှိ ဆိပ်ကမ်းများတွင် ကောက်ခံနေသည့် အခွန်အခနှုန်းထားများ နှိုင်းယှဉ်ချက်အရ တန်ချိန် ၂၆၀၀၀ ရှိသော သင်္ဘောတစ်စင်းအတွက် ဆိပ်ကမ်းဆိုက်ကပ်ရန် ကုန်ကျစရိတ်မှာရန်ကုန်ဆိပ်ကမ်းတွင် အမေရိကန်ဒေါ်လာ ၁၈၅၉၀ ဒေါ်လာ၊ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အမေရိကန်ဒေါ်လာ ၁၅၀၃၉ ဒေါ်လာ၊ ကမ္ဘောဒီးယားနိုင်ငံတွင်အမေရိကန်ဒေါ်လာ ၂၇၀၅၂ ဒေါ်လာ၊ ထိုင်းနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၁၅၃၇၅ ဒေါ်လာ နှင့် ဗီယက်နမ်နိုင်ငံတွင် အမေရိကန်ဒေါ်လာ ၁၇၉၂၁ ဒေါ်လာတို့ဖြစ်သည်။

ရန်ကုန်ဆိပ်ကမ်းကို ဆိုက်ကပ်လာသော သင်္ဘောတစ်စင်း၏ ကုန်ကျစရိတ်သည် ထိုအာဆီယံနိုင်ငံများထဲတွင် အမြင့်ဆုံးနှုန်းထားဖြစ်နေခြင်းကြောင့် ပို့ကုန်များတင်ပို့ရာတွင်လည်းကောင်း၊ သွင်းကုန်များ တင်သွင်းရာတွင်လည်းကောင်း စျေးကြီးမြင့်ခြင်းများဖြစ်လာစေသည်။တန်ချိန်နှစ်သောင်းရှိသည့် သင်္ဘောတစ်စင်း ရန်ကုန်ဆိပ်ကမ်းတွင်ဆိုက်ကပ်လျှင် ကုန်ကျသည့်စရိတ်မှာ ထိုင်း၊ဗီယက်နမ်တို့ထက် ၂ဆကျော်များပြားနေကြောင်း မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ်စစ်တမ်းမှာ ဖော်ပြထားပါသည်။

တန်ချိန်နှစ်သောင်းသင်္ဘောတစ်စင်း ဆိပ်ကမ်းဆိုက်ကပ်မည်ဆိုလျှင် ထိုင်းနိုင်ငံတွင် အမေရိကန်ဒေါ်လာ ခြောက်သောင်းခွဲ၊ ဗီယက်နမ်နိုင်ငံတွင် အမေရိကန်ဒေါ်လာ ခြောက်သောင်းလောက်ကျသင့်ပြီး ရန်ကုန်ဆိပ်ကမ်းတွင် အမေရိကန်ဒေါ်လာ

တစ်သိန်းလေးသောင်းခန့်ကုန်ကျနေခြင်းကြောင့် ဆန်ဝယ်ယူသူများသည် ထိုင်း၊ ဗီယက်နမ်၊ အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့တွင် အဆင်မပြေမှသာလျှင် မြန်မာနိုင်ငံကိုစဉ်းစားလာကြသည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစပြီး ရန်ကုန်ဆိပ်ကမ်း၏ ဆွဲသင်္ဘောခြောက်နာရီ အသုံးပြုခကို ယခင်က အမေရိကန်ဒေါ်လာ ၂၀၀၀ မှ ဒေါ်လာ ၁၅၀၀ သို့ လည်းကောင်း၊ ၂၀၁၈ခုနှစ် ဇွန် ၂၇ရက် တွင် ကွန်တင်နာဝန်ဆောင်မှု ဝန်ဆောင်ခကို ပေ၂၀ လျှင် အမေရိကန်ဒေါ်လာ ၁၆၅ ဒေါ်လာ မှ ၁၄၉ ဒေါ်လာသို့လည်းကောင်း လျှော့ချခဲ့သဖြင့် အိမ်နီးချင်းနိုင်ငံများ၏နှုန်းထားများဖြင့် ကွာဟမှုနည်းလာသည်ကိုတွေ့ရပါသည်။ ဆိပ်ကမ်းဆိုက်ကပ်မှု ကုန်ကျစရိတ်နှုန်းထားများ၊ ကုန်တင်ကုန်ချကုန်ချစရိတ်နှုန်းထားများကို ပြင်ဆင်ကောက်ခံလိုက်ခြင်းဖြင့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များ၊ ဆိပ်ကမ်းလုပ်ငန်းလုပ်ကိုင်သူများ၊ သင်္ဘောလုပ်ငန်းလုပ်ကိုင်သူများ ပိုမို၍အဆင်ပြေလာစေပြီး စားသုံးသူဈေးကွက်အကြား မျှတမှုများပို၍ရရှိစေနိုင်ပါသည်။

**Source:**http://www.logisticsguide.com.mm/en/industry-news/export-import/1494-change-your-shipping-importer-export-tax.html

## ၁၆ ပဲရည် ရွှေဈေး တစ်ကျပ်သားလျှင် ကျပ် ဆယ်သိန်းခြောက်သောင်းခန့်အထိ စံချိန်တင်မြင့်တက်

ကမ္ဘာ့ရွှေဈေး မြင့်တက်လာမှုကြောင့် မြန်မာ့မီးလင်းအခေါက်ရွှေ (၁၆ ပဲရည်) တစ်ကျပ်သားလျှင် ကျပ်ဆယ်သိန်းခြောက်သောင်းဝန်းကျင်ခန့်အထိ စံချိန်တင်မြင့်တက်ခဲ့ကြောင်း ရွှေဈေးကွက်မှသိရသည်။ ဇန်နဝါရီတတိယပတ်က ကမ္ဘာ့ရွှေတစ်အောင်စလျှင် ကန်ဒေါ်လာ ၁၂၈၀ ဖြစ်ခဲ့စဉ်က မြန်မာအခေါက်ရွှေတစ်ကျပ်သားမှာ ကျပ်ဆယ်သိန်း ငါးသောင်းဝန်းကျင်ခန့်သာရှိခဲ့ပြီး ဇန်နဝါရီ ၂၇ ရက်တွင် ကမ္ဘာ့ရွှေ တစ်အောင်စလျှင် ကန်ဒေါ်လာ ၁၃၀၀ သို့ ရောက်ရှိခဲ့ရာ အခေါက်ရွှေဈေးမှာလည်း ကျပ်ဆယ်သိန်းငါးသောင်းခုနစ်ထောင်ဈေးဖြစ်ပေါ်ခဲ့သည်။

ဇန်နဝါရီ ၂၈ ရက်တွင်မူ ကမ္ဘာ့ရွှေတစ်အောင်စလျှင် ကန် ဒေါ်လာ ၁၃၀၁ သို့ ရောက်ရှိခဲ့သည့်အတွက် မီးလင်းအခေါက်ရွှေဈေးမှာ ကျပ်ဆယ်သိန်းခြောက်သောင်းဝန်းကျင်ခန့်အထိ မြင့်တက်လာခြင်းဖြစ်ကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များကပြောသည်။ မြန်မာ့ရွှေဈေးမှာ ၂၀၁၇ ခုနှစ်အတွင်းက မီးလင်းအခေါက် ရွှေတစ်ကျပ်သားလျှင် ကျပ် ဆယ်သိန်းအောက်တွင်သာရှိခဲ့ရာမှ ၂၀၁၈ ခုနှစ်အတွင်း ကျပ်ဆယ်သိန်းငါးသောင်းဝန်းကျင်ခန့်အထိ ဈေးမြင့်တက်ခဲ့ပြီး၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီစတုတ္ထပတ်တွင် ၁၀ သိန်းခြောက်သောင်းဝန်းကျင်အထိ ဈေးမြင့်တက်ခဲ့ခြင်းကြောင့် မြန်မာ့ရွှေဈေးလောကတွင် စံချိန်တင်မြင့်တက်ခြင်းဖြစ်သည်ဟု အောင်သမာဓိရွှေဆိုင်မှ မန်နေဂျာဦးမျိုးက ဇန်နဝါရီ ၂၈ ရက်တွင်ပြောသည်။

ကမ္ဘာ့ရွှေဈေးမြင့်တက်မှုသည် ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေးတို့နှင့်သက်ဆိုင်ခြင်းကြောင့်ဖြစ်ပြီး မြန်မာ့ရွှေဈေးမှာလည်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာငွေလဲနှုန်းတို့နှင့် ချိတ်ဆက်နေသည့်အတွက် မြန်မာ့ရွှေဈေးလည်းလိုက်ပါမြင့်တက်ရခြင်းဖြစ်သည်ဟု တိတ်စိန်ရွှေဆိုင်ပိုင်ရှင် ဦးဇော်အောင်ကပြောသည်။

ကမ္ဘာ့ရွှေဈေးတက်လို့ မြန်မာ့ရွှေဈေးက လိုက်တက်လာကြောင်း၊ ခုဖြစ်ပေါ်နေတဲ့ဈေးနှုန်းကတော့ စံချိန်တင်ဈေးနှုန်းလို့ပြောလို့ရကြောင်း ၎င်းကပြောသည်။ မြန်မာနိုင်ငံတွင်ဒေါ်လာဈေးမြင့်တက်မှုနှင့်အတူ ရွှေဈေးမှာကျပ် ၁၀၄၅၀၀၀ နီးပါးအထိရောက်ရှိခဲ့သည့်အတွက် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနက ရွှေလေပတ်ကားရောင်းဝယ်သူတချို့ကို ခေါ်ယူစစ်ဆေးပြီး သုံးရက်မြောက်ဖြစ်သည့် စက်တင်ဘာ ၂၆ ရက်တွင် ကျပ် ၁၀ သိန်းအောက်ကို ပြန်လည်ကျဆင်းခဲ့သည်။ ဇန်နဝါရီ ၂၈ ရက်က မီးလင်းအခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၅၇၀၀၀/ ၁၀၅၈၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ကျပ် ၉၉၅၀၀၀/ ၉၉၇၅၀၀၊ ကမ္ဘာ့ရွှေတစ်အောင်စလျှင် ကန်ဒေါ်လာ ၁၃၀၁ ဖြစ်ကြောင်း ရွှေဈေးကွက်မှသိရသည်။

**Source:** https://www.yangonmedia.com/economy/item/11460-%E1%81%81%E1%81%86-

## တရုတ်နှစ်သစ်ကူးနီးလာ၍ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး ရပ်တန့်လုနီးပါးဖြစ်လာ

နှစ်သစ်ကူးရက်နီးကပ်လာသဖြင့် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး ရပ်ဆိုင်းလုနီးပါးဖြစ်လာပြီး၊ တစ်ရက်လျှင် ကန်ဒေါ်လာ ၁၁ သန်းကျော်ဖိုး ကုန်ပစ္စည်းများတင်ပို့နေရသည့် တရုတ်နိုင်ငံသည် ဇန်နဂါရီ ၂၅ ရက် နောက်ပိုင်းက စတင်ပြီး ကုန်သွယ်မှုလျော့ကျခဲ့ကြောင်း မူဆယ်မြို့ရှိ ကုန်သည်အချို့ကပြောသည်။ နယ်စပ်ကုန်သွယ်ရေးသည် နှစ်သစ်ကူးကာလတွင် ရက် ၂၀ ခန့် ကုန်သွယ်မှုရပ်တန့်လုနီးပါးဖြစ်မည်ဟု မူဆယ်ဆန်ကုန်စည်ဒိုင်မှ ကုန်သည်တစ်ဦးက ပြောသည်။

မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်ရေးသည် နှစ်စဉ်တရုတ်နှစ်သစ်ကူးရက်များတွင် ကုန်သွယ်မှုလျော့ကျလေ့ရှိကြောင်း အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း (မူဆယ်) ဥက္ကဋ္ဌ ဦးဂင်းအောင်ခန့်ကပြောသည်။ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးက ဖေဖော်ဝါရီ ၁၅ ရက် နောက်ပိုင်းတွင် ပုံမှန်အခြေအနေပြန်လည်ရောက်ရှိပြီးနောက် ယူနန်ပြည်နယ် နယ်စပ်၌လုံခြုံရေးလျော့နည်းပါက မြန်မာပို့ကုန်များ ပိုမိုတင်ပို့ရောင်းချနိုင်မည်ဟု ၎င်းကဆိုသည်။

နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြင့် တရုတ်သို့ကုန်ပစ္စည်းတင်ပို့မှုသည် ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူထက် ၃၅ ရာခိုင်နှုန်းခန့်လျော့နည်းကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးတစ်ဦးကပြောသည်။

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအစီအစဉ်ဖြင့် ယူနန်အစိုးရက နယ်စပ်တွင်လုံခြုံရေးတိုးမြှင့်ချထားပြီးနောက် နှစ်နိုင်ငံ မြန်မာပို့ကုန်ပမာဏလျော့နည်းခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။ ဘဏ္ဍာနှစ်သစ်စတင်ချိန် ၂၀၁၈ အောက်တိုဘာမှ ၂၀၁၉ ဇန်နဝါရီ ၁၈ ရက်အထိ နယ်စပ်မှတရုတ်နိုင်ငံသို့ မြန်မာပို့ကုန်ပမာဏ ကန်ဒေါ်လာသန်း ၆၇၀ ခန့်သာ တင်ပို့နိုင်သည်။ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်အတွင်း နယ်စပ်မှတရုတ်နိုင်ငံသို့ တင်ပို့နိုင်သည့်ပမာဏနှင့်နှိုင်းယှဉ်ပါက ကန်ဒေါ်လာသန်း ၅၃၀ ကျော် လျော့နည်းခဲ့သည်။

**Source:** http://www.7daydaily.com/story/148660

## မူဆယ်မှာသောင်တင်နေတဲ့ ဆန်နဲ့ကောက်ပဲသီးနှံတွေ တရုတ်ဘက်ကပြန်ဝယ်ယူနေ

ပြီးခဲ့တဲ့လက မူဆယ်မှာသောင်တင်နေတဲ့ ဆန်အပြင် တခြားကောက်ပဲသီးနှံတွေကို တရုတ်ဘက်က ပြန်လည်ဝယ်ယူနေတာကြောင့် လက်ကျန်အနည်းငယ်သာရှိတော့တယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကသိရပါတယ်။

မူဆယ်မှာရှိတဲ့ ဂိုဒေါင်မှာအစောပိုင်းတုန်းကတော့ သကြားဆိုရင် တန်ချိန်တစ်သိန်းနီးပါးလောက်အထိ လက်ကျန်ကျန်ရှိနေတာဖြစ်ပြီး အခုလက်ရှိမှာဆိုရင် တန်ချိန် ၃၀,၀၀၀ ကျော်လောက်ပဲ ကျန်တော့တာဖြစ်တယ်လို့သိရပါတယ်။ အလားတူဆန်ဆိုရင်လည်း တန်ချိန် ၆၀,၀၀၀ ကျော်အထိကနေ အခု ၂၀,၀၀၀ ကျော်၊ ၃၀,၀၀၀ လောက်ပဲ ကျန်ရှိတော့တာဖြစ်ပြီး ပြောင်းဆိုရင် တန်ချိန် ၆၀,၀၀၀ ကျော် ကျန်တာက အခုဆိုရင် တန်ချိန် ၉၀၀၀ ပဲ ကျန်တော့တယ်လို့သိပါတယ်။

ဦးခင်မောင်လွင်က 'လက်ရှိ နေ့စဉ်မှာ မူဆယ်ကနေ သကြားရော ပြောင်းရောဆန်ရောက ထွက်နေတယ်၊ သကြားဆိုလို့ရှိရင် တန်ချိန် ၁၄၀၀၊ ၁၅၀၀၊ ၂၀၀၀ ဝန်းကျင်မှာထွက်တယ်၊ နောက်ခါ ပြောင်းဆိုလို့ရှိရင်လဲ တချို့ရက်တွေမှာ တန်ချိန် ၆၀၀၀၊ ရ၀၀၀ လောက်အထိ ထွက်သွားတဲ့အနေထားမျိုးဖြစ်သွာတယ်၊ တချို့ရက်တွေမှာ ဆန်လဲဒီတိုင်းပဲ ဆန်ကအနည်းဆုံး တန်ချိန် ၃၀၀၀ နဲ့ ၄၀၀၀ ကြားမှာထွက်ကြောင်းပြောပါတယ်။

တရုတ်-မြန်မာနယ်စပ်ကုန်သွယ်ရေးမှာ ပြီးခဲ့တဲ့ နိုဝင်ဘာလနဲ့ဒီဇင်ဘာလ လဆန်းပိုင်းလောက်က တရုတ်ဘက်ကနေ တရားမဝင် ကုန်စည်တွေအပေါ် ဖမ်းဆီးစစ်ဆေးမှုတွေ ပိုမိုတင်းကျပ်ခဲ့တာကြောင့် ဆန်၊ ပြောင်းအပါအဝင် ကောက်ပဲသီးနှံအချို့ နယ်စပ်မှာစုပုံနေခဲ့တာဖြစ်ပါတယ်။

SOURCE: HTTPS://WWW.KUMUDRANEWS.COM/NEWS-32078

## မြဝတီ နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုပမာဏ ယခင်နှစ်ကာလတူထက်လျော့ကျလာပြီး ကုန်သွယ်မှုအများဆုံးစာရင်း၌ တတိယနေရာသို့ရောက်ရှိလာ



မြန်မာ-ထိုင်းနယ်စပ် မြဝတီကုန်သွယ်ရေးစခန်းမှ သွင်းကုန်ပစ္စည်းများ တရားဝင်ကုန်သွယ်မှု လျော့ကျလာခြင်းနှင့်အတူ ကုန်သွယ်မှုပမာဏမှာလည်း ယခင်နှစ်ကာလတူကထက် ပိုမိုလျော့ကျလာပြီး ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၈ ရက်ထိ ဒေါ်လာ ၂၄၉ ဒသမ ၅၇၃ သန်းဖိုး ကုန်သွယ်နိုင်ခဲ့ကြောင်းသိရသည်။ မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံနှင့်ထိစပ်နေသော နယ်စပ်စခန်းများအနက် ကုန်သွယ်မှုအများဆုံးဖြစ်သော်လည်း ယခုဘဏ္ဍာနှစ်တွင် နဘုလေ၊ ထီးခီးနယ်စပ်စခန်းမှာ ပို့ကုန်တင်ပို့မှု မြင့်တက်လာခဲ့ကာ မြဝတီနယ်စပ်ထက် ကုန်သွယ်မှုပမာဏမြင့်တက်လာခဲ့ကြောင်းသိရသည်။

မြဝတီနယ်စပ်စခန်းမှ ယခင်ဘဏ္ဍာနှစ် စက်တင်ဘာ ၁ ရက်မှ ဇန်နဝါရီ ၁၈ ရက်ထိ ဒေါ်လာ ၂၆၃ ဒသမ ၆၇၀ သန်း ကုန်သွယ်နိုင်ခဲ့သော်လည်း ယခုနှစ်တွင် ဒေါ်လာ ၂၄၉ ဒသမ ၅၇၃ သန်းသာ ကုန်သွယ်နိုင်ခဲ့သည့်အတွက် ယခုနှစ်တွင် ဒေါ်လာ ၁၄ ဒသမ ၀၉၄ သန်း လျော့ကျလာခဲ့သည်။ ထို့အတူ နဘုလေ၊ ထီးခီးနယ်စပ်မှ ယခင်နှစ် ဘဏ္ဍာနှစ်တွင် စက်တင်ဘာ ၁ ရက်မှ ဇန်နဝါရီ ၁၈ ရက်ထိ ဒေါ်လာ ၇ ဒသမ ၅၉၅ သန်းသာ ကုန်သွယ်နိုင်ခဲ့သော်လည်း ယခုနှစ်တွင် ထိုင်းနိုင်ငံသို့ ပို့ကုန်ပစ္စည်းတင်ပို့မှု မြင့်တက်လာခဲ့ကာ အမေရိကန်ဒေါ်လာ ၅၇၉ ဒသမ ၆၃၁ သန်းဖိုး ကုန်သွယ်နိုင်ခဲ့သည့်အတွက် မြဝတီနယ်စပ်စခန်းမှာ ကုန်သွယ်မှုအများဆုံးစခန်းများ၌ တတိယနေရာသို့ ရောက်ရှိသွားခဲ့ပြီဖြစ်သည်။

ပြီးခဲ့သော နှစ်လအတွင်း မြဝတီနယ်စပ်စခန်းမှ ဒေါ်လာ ၁၃၇ ဒသမ ၉၈၆ သန်း ကုန်သွယ်နိုင်ခဲ့ သော်လည်း သွင်းကုန်ရော ပို့ကုန်ပါ ယခင်နှစ်ကာလတူကထက် မြင့်တက်လာသည့်အတွက် ယခင်နှစ်ကာလတူထက် ဒေါ်လာ ၉ ဒသမ ၂၆၅ သန်း ပိုမို ကုန်သွယ်နိုင်ခဲ့ကြောင်း သိရသည်။ သို့သော်လည်း ယခု လေးလကျော်အတွင်း ကုန်သွယ်မှုသိသိသာသာလျော့ကျလာခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ထိုင်းနိုင်ငံဘက်သို့ ပို့ကုန်ပမာဏမှာ မြန်မာနိုင်ငံဘက်သို့ သွင်းကုန်ထက် ခုနစ်ဆခန့် လျော့နည်းနေဆဲဖြစ်သည်။ မြန်မာနိုင်ငံဘက်မှ ထိုင်းနိုင်ငံဘက်သို့ တရားမဝင်တင်ပို့သော လယ်ယာထွက်ကုန် ပြောင်း၊ ကြက်သွန်၊ ဆန်၊ မုန့်များ၊ လျှပ်စစ်ပစ္စည်းများကို ထိုင်းအကောက်ခွန်ဌာနမှ နိုင်ငံသားအကျိုးစီးပွားကို ကာကွယ်ရန်ဟုဆိုကာ မကြာခဏ ဖမ်းဆီးလျက်ရှိသော်လည်း မြန်မာနိုင်ငံဘက်သို့ တင်သွင်းရန်ခွင့်ပြုမထားသော ဂျပန်တစ်ပတ်ရစ် without car များ၊ ဘီယာမျိုးစုံ၊ အေးခဲအသားနှင့် ကြက်နှင့်ကြက်ထွက် အသည်း၊ အိမ်ထောင်ပရိဘောဂ အဟောင်း၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်အဟောင်းများနှင့်အတူ ထိုင်းနိုင်ငံထုတ်ကုန်ပစ္စည်းများကို တရားမဝင်တင်သွင်းလျက်ရှိကြောင်းသိရသည်။

မြဝတီနယ်စပ်စခန်းမှ ပြည်တွင်းသို့ စက်ယန္တရားများ၊ မော်တော်ဆိုင်ကယ်များ၊ လုပ်ငန်းသုံးပစ္စည်းများ အပါအဝင် ကုန်ပစ္စည်းမျိုးစုံတင်သွင်းလျက်ရှိပြီး မြန်မာနိုင်ငံဘက်မှလည်း ရေထွက်ပစ္စည်း ငါးပုစွန်၊ ကဏန်းနှင့်လယ်ယာထွက်ပစ္စည်းများ၊ နှမ်း ၊ နနွင်း၊ ကြက်သွန်၊ ငရုတ်၊ ပဲနှင့် ကြံများ တရားဝင်တင်ပို့နေသော်လည်း ထိုင်းနိုင်ငံသား အကျိုးစီးပွားကာကွယ်သည့်အနေဖြင့် အချို့ကုန်ပစ္စည်းများကို အချိန်နှင့်တစ်ပြေးညီတင်ပို့ခွင့်မရကြောင်း၊ ကျွဲ၊ နွား အပါအဝင် ကုန်ပစ္စည်းအများစုမှာ တရားမဝင်တင်ပို့နေကြဆဲဖြစ်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/76321

## ငြုပ်သီးဈေးကောင်းသော်လည်း စိုက်ပျိုးစရိတ်ချေးယူထားသည့် တရုတ်လူမျိုးထံသာဖြတ်ဈေးဖြင့်သွင်းနေရ



မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် လက်ပံခြေပေါ်အုပ်စု ကုက္ကိုကုန်းကျေးရွာ ငြုပ်သီးစိုက်တောင်သူများ ငြုပ်သီးဈေးကောင်းသော်လည်း စိုက်ပျိုးချိန်က စိုက်ပျိုးစရိတ်ထုတ်ပေးထားသည့် တရုတ်နိုင်ငံသားထံ ငြုပ်သီးပြန်လည်သွင်းနေရခြင်းကြောင့် အကျိုးခံစားခွင့် နည်းပါးနေကြောင်း ငြုပ်ခင်းပိုင်ရှင် ဦးခင်မောင်ဝင်းကပြောပြသည်။ အဆိုပါ ငြုပ်စိုက်တောင်သူများသည် ရရှိလာသည့်ငြုပ်သီးများ ပခုက္ကူ၊ ညောင်ဦးဈေးကွက်တွင် တစ်ပိဿာ(၁၀၀၀)ကျပ်ဈေး ပေါက်သော်လည်းသူတို့ပြန်လည်သွင်းချိန်တွင် (၈၀၀)ကျပ်သာ ပေးချေကြောင်းနှင့် ငရုတ်သီးအစိမ်းရော အမှည့်ရော တစ်ပိဿာ (၈၀၀)ကျပ်ဈေးသာပေးကြောင်း ဦးခင်မောင်ဝင်းမှပြောပြသည်။ ထိုငရုပ်စိုက်ပျိုးစရိတ်များအားလုံး စိုက်ပျိုး စရိတ်ထုတ်ချေးထားသည့် တရုတ်နိုင်ငံသားထံတွင် သွင်းပေးနေရကြောင်း အပြင်ပေါက်ဈေးနှင့်တစ်ပိဿာ (၂၀၀)ကျပ် ကွာခြားနေကာ ငြုပ်သီးခူးဆွတ်ချိန်တွင် လူအင်အားအများအပြားသုံး ခူးဆွတ်နေရခြင်းကြောင့်ငြုပ်သီးဈေးကောင်းသော်လည်း တွက်ခြေမကိုက်ပဲလုပ်အားခပင် ဆုံးရှုံးနေရကြောင်း ငြုပ်စိုက်တောင်သူများမှညည်းညူနေကြကြောင်းသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS

## စပါးမျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး (RSSD) စီမံကိန်းအရ အစိုးရပိုင် မျိုးစေ့ခြံများအဆင့်မြှင့်တင်သွားမည်

ဧရာဝတီတိုင်းဒေသကြီး၊ မြစ်ဝကျွန်းပေါ်ဒေသ စပါးမျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး (RSSD) စီမံကိန်းအရ အ စိုးရပိုင် မျိုးစေ့ခြံများ အဆင့်မြှင့်တင်ရေး ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သတင်းရရှိသည်။ ယင်းစီမံကိန်းသည် Welthungerhilfe ( WHH) မှ ဦးဆောင်၍ ဧရာဝတီတိုင်းဒေသကြီးအတွင်း အကောင် အထည်ဖော်

ဆောင်ရွက်နေသည့် ၂ နှစ်တာ စီမံကိန်းဖြစ်ပြီး၊ LIFT ၏ ပံ့ပိုးမှု၊ စိုက်ပျိုးရေးဦးစီးဌာန၊ Mukushi, Resilience B.V. ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့၏ ပူးပေါင်းပါဝင်မှုနှင့် နယ်သာလန်နိုင်ငံရှိ Wagenin gen university & Research (WUR) မှ နည်းပညာ အကူအညီတို့ဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။ အဆိုပါစီမံကိန်းတွင် အခြေခံမျိုးသန့် မျိုးစေ့ (EGS) ထုတ်လုပ်မှုအတွက် အစိုးရပိုင် မျိုးသန့်ခြံများအား ထောက်ပံ့ကူညီပေးခြင်း အစီအစဉ်အပြင် မျိုးစေ့ထုတ်လုပ်သူများနှင့် မျိုးစေ့ကုမ္ပဏီတို့၏ မျိုးစေ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ကူညီပေးခြင်း၊ မျိုးစေ့ထုတ်တောင်သူများ၏ မျိုးစေ့အရည်အသွေး အာမခံမှုများ အားကောင်းလာစေရန်နှင့် စပါးမျိုးစေ့ကဏ္ဍတွင် ပါဝင်လုပ်ဆောင်နေကြသူများအကြား ပူးပေါင်းလုပ်ဆောင်မှုများ မြှင့်တင်ပေးခြင်းစသည့်စီမံကိန်းအပိုင်း ၄ ပိုင်း ပါဝင်မည်ဖြစ်ကြောင်းသိရသည်။

ဒါတွေက တော်တော် အရေးကြီးပြီး ကောင်းမွန်တဲ့ အစီအစဉ်တွေ ဖြစ်ပါတယ်။ ယခုလို ဆန်စပါးမျိုးစေ့ထုတ် လုပ်ငန်းကို အဓိက ကူညီဆောင်ရွက်ပေးတဲ့ အစီအစဉ်မျိုးကို ဧရာဝတီတိုင်း ဒေသကြီးတင်မကပါဘူး။ တစ် ခြား တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကိုပါ ဆက်ပြီးတော့ ဆောင်ရွက်ဖို့အတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေနဲ့ ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းတွေကို တင်ပြပြီးတော့ ဆောင်ရွက်သွားဖို့လည်း စီစဉ်နေပါတယ်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်ကဆိုသည်။

ထို့အပြင် အဆိုပါစီမံချက်၌ တောင်သူလယ်သမားများ တစ်ပိုင်တစ်နိုင် မျိုးစေ့ထုတ်လုပ်နိုင်မည့် လမ်းညွှန်စာအုပ်များ ဖြန့်ဖြူးထုတ်လုပ်ရေး အစီအစဉ်လည်းပါဝင်မည်ဖြစ်သည်။ တောင်သူလယ်သမားတွေ တစ်ပိုင်တစ်နိုင်မျိုးစေ့ထုတ်တဲ့ လုပ်ငန်းတွေလုပ်လာနိုင်မယ်။ နောက်တစ်ခါ ကု မ္ပဏီတွေ မျိုးစေ့ထုတ်လုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံ ဆောင်ရွက်နိုင်ဖို့အတွက်ကို မူဘောင်တွေ ချမှတ်ပြီးတော့ အစိုး ရ မျိုးစေ့ထုတ်ခြံတွေနဲ့ ပူးပေါင်းဆောင်ရွက်နိုင်တဲ့ ပုံစံတွေကိုလည်း ကျွန်တော်တို့ ရေးသားဖော်ပြမယ့် စာအုပ် တစ်အုပ် ထုတ်ဖို့ရှိပါတယ်ဟု ၎င်းက ဆက်လက်ပြောဆိုသည်။

ယင်းစီမံကိန်းမှ ရရှိလာသည့် အတွေ့အကြုံများဖြင့် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဆက်လက် ဆောင်ရွက်နိုင်ရန် ရည်မှန်းထားပြီး၊ ဧရာဝတီတိုင်း ဒေသကြီးအတွင်း ကျန်ရှိနေသည့် မျိုးစေ့ခြံများကိုလည်း ဆက်လက်အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကာ အခြောက်ခံစက်၊ သိုလှောင်ရုံကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုလည်း ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်းသိရသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=5793

## STOCK EXCHANGE (29.1.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 29th Jan. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +0 | +0.00% | 9,000 | 9,000 | 9,000 | 2,123 | 19,107,000 | 27,112,747 | 244,015 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 8,682 | 25,177,800 | 38,929,150 | 112,895 |
| MCB | 00003 | 7,300 | +0 | +0.00% | 7,300 | 7,300 | 7,300 | 3 | 21,900 | 10,400,986 | 75,927 |
| FPB | 00004 | 22,000 | +0 | +0.00% | 22,000 | 22,000 | 22,000 | 274 | 6,028,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 5 | 13,750 | 12,212,906 | 33,585 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 381.48 | +0.00 | +0.00% | 381.48 | 381.48 | 381.48 | 11,087 | 50,348,450 | 5 | 520,807 |


**Index chart**




## Market Overview

As of 1:00 pm, 29th Jan. 2019

| MYANPIX | 381.48 ▲ 0.00 |
|---|---|
| Total Volume (shares) | 11,087 |
| Total Value (MMK) | 50 mil |
| Listed Company | 5 |
| Market Cap. (MMK) | 520,807 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,300 | ▲ 0 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 0 |